


# ၂၀၂၄ နှစ်ပတ်လည်အစီရင်ခံစာ

**ဖိတ်ကြားအပ်ပါသည်။**

တနင်္ဂနွေနေ့
အောက်တိုဘာ ၂၀
နေ့လယ် ၂ နာရီမှ ၅ နာရီ

**WSM FOOD HOUSE**
**HILLSBOROUGH**

## CO-OP
FAIR

ဤနေရာကိုနှိပ်ပါ
RSVP သို့

10% လျှော့ဈေး
ကူပွန်ရယူပါ။

လုပ်ငန်းပိုင်ရှင်
စစ်တမ်း
ဖြေဆို၍

ဤနေရာကိုနှိပ်ပါ

# အထွေထွေမန်နေဂျာမှ



၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို သမဝါယမလုပ်ငန်းပိုင်ရှင်များနှင့် မျှဝေလိုပါသည်။ ပထမဦးစွာ မိတ်ဆက်ပါရစေ။ ကျွန်ုပ်သည် Weaver Street Market ၏ အထွေထွေမန်နေဂျာသစ် James Watts ဖြစ်ပါသည်။ ဤလုပ်ငန်းတွင် ၁၉၉၂ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ပြီး ကျွန်ုပ်တို့၏လုပ်ငန်းက မြောက်ကာရိုလိုင်းနားကွန်မြူနတီအတွင်း ထူးခြားမှုများ ဖြစ်ပေါ်စေခဲ့ပုံကို ကိုယ်တိုင် တွေ့ကြုံခဲ့ရပါသည်။ ဤရာထူးသစ်တွင် ထမ်းဆောင်ခွင့်ရရှိသည့်အတွက် အလွန်ဝမ်းမြောက်မိပါသည်။

၂၀၂၄ ခုနှစ်သည် Weaver Street Market အတွက် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးခဲ့ပါသည်။ ကိုဗစ်ကပ်ရောဂါသည် နေ့စဉ်လူနေမှုဘဝနှင့် အသားကျလာသည့်အလျောက် ကူးသန်းသွားလာမှုများ ပုံမှန်ပြန်ဖြစ်လာသည်ကို တွေ့မြင်ခဲ့ရသည်။ ရုံးတွင်း၊ ရုံးပြင် စားသောက်ခန်းမများတွင် လူပြည့်လာပြီး ရပ်ရွာပွဲလမ်းသဘင်များက ရောင်းအားကို တိုးတက်စေခဲ့သည်။ ဤသို့ရောင်းအားတိုးတက်မှုကြောင့် ကျွန်ုပ်တို့၏ Food House တွင် အမြတ်အစွန်းရသော စားသောက်ဆိုင်ဘား၊ အသင့်ယူဆောင်နိုင်သည့်အစားအစာများ၊ ပေါင်မုန့်ထုတ်ကုန်များ အပါအဝင် ဝန်ဆောင်မှုများ တိုးချဲ့နိုင်ခဲ့သည်။ Food House သည် ကုန်ပေးသွင်းသူများအတွက် အချက်အချာနေရာလည်းဖြစ်ပြီး ကျွန်ုပ်တို့က ကုန်ကားများ အသုံးပြု၍ ၎င်းတို့၏ထုတ်ကုန်များကို "နောက်ဆုံးအဆင့်" အနေဖြင့် ကျွန်ုပ်တို့စတိုးဆိုင်များအထိ သယ်ယူရောင်းချပေးပါသည်။ ကျွန်ုပ်တို့သည် တောင်သူများ၊ ထုတ်လုပ်သူများထံမှ ဒေသထွက်ကုန်စည်များမှသည် နိုင်ငံတကာသမဝါယမမိတ်ဖက်လုပ်ငန်းများထံမှ တင်သွင်းသော သံလွင်ဆီ၊ အီတလီခေါက်ဆွဲခြောက် စသည်တို့အထိ ထုတ်ကုန်အမျိုးမျိုးကို စတိုးဆိုင်မှ သင်တို့အိမ်ထိအရောက် သယ်ယူရောင်းချပေးပါသည်။

သို့ရာတွင် လုပ်ငန်းအနေဖြင့်ကြီးမားသောစိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရပြီး ဤဘဏ္ဍာရေးနှစ်အတွက် ငွေကြေးဆုံးရှုံးမှုများ ကြုံခဲ့ရသည်။ ထိုစိန်ခေါ်မှုအချို့အကြောင်းကို ကျွန်ုပ် ဆွေးနွေးလိုပါသည်။

## စားသောက်ကုန်ဈေးကြီးမြင့်ခြင်းလား၊ အမြတ်ကြီးစားခြင်းလား

အကြီးဆုံး စားသောက်ကုန်လုပ်ငန်းစုကြီးများသည် စံချိန်တင်အမြတ်အစွန်းများ ရရှိကြောင်း စဉ်ဆက်မပြတ် ထုတ်ပြန်နေပြီး တစ်ချိန်တည်းမှာပင် ပါဝင်ပစ္စည်း (သို့) လုပ်သားစရိတ်စကထက် များစွာ ကျော်လွန်သောနှုန်းဖြင့် ထုတ်ကုန်ဈေးနှုန်းများကို မြှင့်တင်နေကြသည့်အတွက် ထိုစားသောက်ကုန်ဈေးကြီးမြင့်မှုကို ကျွန်ုပ်တို့ အလေးအနက်ထား စဉ်းစားပါသည်။ အကြီးဆုံး စားသောက်ကုန်လုပ်ငန်းစုကြီးများနှင့် ဆက်စပ်သော ကုန်အမှတ်တံဆိပ်များကို ကျွန်ုပ်တို့၏စတိုးများတွင် မြင်တွေ့ရခဲ့သော်လည်း ထိုလုပ်ငန်းကြီးများမှာ သက္ကရာဇ် ၂၀၀၀ ပြည့်လွန် အစောပိုင်းနှစ်များမှစ၍ "သဘာဝနှင့် အော်ဂဲနစ်" ထုတ်ကုန်အမှတ်တံဆိပ်များကို ဝယ်ယူလာခဲ့ကြသည်။

Weaver Street Market အနေဖြင့် ကုန်ပေးသွင်းသူများဘက်မှ စရိတ်စကမြှင့်တင်မှုများကို ကာမိရန် ဈေးနှုန်းများကို အကြိမ်ကြိမ် မြှင့်တင်ခဲ့ရပါသည်။ Weaver Street Market ကဲ့သို့ လုပ်ငန်းငယ်များသည် ဤလုပ်ငန်းစုကြီးများထံမှ ပို၍သင့်တော်သည့်ဈေးနှုန်းများ ရရှိအောင် ညှိနှိုင်းနိုင်စွမ်း မရှိကြပါ။ ကျွန်ုပ်တို့၏ ရောင်းအားသည် မြင့်တက်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း ရောင်းချခဲ့သော စားသောက်ကုန်မှာ အရေအတွက်အားဖြင့် ကျဆင်းခဲ့သည်။ ဤသည်မှာ အပတ်စဉ်တိုင်း ထုတ်ကုန်အရေအတွက် လျှော့ချ၍ ရောင်းချနေသည့် သဘောဖြစ်သည်။

ဒေသခံတောင်သူများ၊ ထုတ်လုပ်သူများသည်လည်း အလားတူအခြေအနေတွင် ရှိနေပါသည်။ ဒေသခံထုတ်လုပ်သူများမှာ ၎င်းတို့၏ မိသားစုနှင့် ဝန်ထမ်းများအတွက် ပံ့ပိုးနိုင်ရုံအတွက်သာ လုံးပမ်းနေကြရသည်။ Game Changer ထုတ်ကုန်၊ ဒေသထွက်နှင့် အဖွဲ့အစည်းထုတ်ကုန်စည်များကို ဝယ်ယူအားပေးခြင်းဖြင့် သင်တို့၏ရပ်တည်မှုကို ပြသနိုင်ပါသည်။ ဤကုန်စည်များ၏ နောက်ကွယ်မှ သူရဲကောင်းများမှာ လူကြီးမင်းတို့အား ကောင်းမွန်မှုတစ္စ အကျိုးဆောင်နိုင်ရေး ကြိုးပမ်းနေကြပါသည်။

## Raleigh စတိုး

Raleigh Weaver Street Market နေရာကို ကပ်ရောဂါကြောင့် ပိတ်ပင်မှုများမပူမီ ၂၀၁၉ ခုနှစ် စက်တင်ဘာလက ဖွင့်လှစ်ခဲ့ပါသည်။ မြို့တွင်းလုပ်သားဦးရသေည် ကပ်ရောဂါမတိုင်မီကဲ့သို့ မပေါများချိန် စတိုးအနေဖြင့် လိုအပ်သောရောင်းအားများ ပြန်လည်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပါ။ စတိုးသည် သမဝါယမပိုင်ဆိုင်မှုနှင့် လုပ်ငန်းပိုင်ရှင်များထံသို့ ရောင်းအားပိုင်းတွင်လည်း အနည်းဆုံးဖြစ်သည်။ သမဝါယမပိုင်ဆိုင်မှုနှင့် လုပ်ငန်းပိုင်ရှင်များထံသို့ ရောင်းအား တည်ငြိမ်စရေး လုပ်ဆောင်ရန်မှာ လာမည့်နှစ်အတွက် ဦးစားပေးဖြစ်သည်။ သင်၏ Wake ကောင်တီမှ မိတ်ဆွေများကို ကျွန်ုပ်တို့၏ ဂိုဒေါင်ရှိရာတည်နေရာကို ပြောပြ၍ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပေးစေလိုပါသည်။ ၁၉၈၈ ကတည်းက ကျွန်ုပ်တို့အားပေးလာခဲ့သည့် Orange ကောင်တီစတိုးများနည်းတူ ကောင်းမွန်သော သမဝါယမစတိုးနှင့် စားသုံးသူဝန်ဆောင်မှုကို ၎င်းတို့ ကြုံတွေ့ရလျှင် နှစ်သက်ကြပါလိမ့်မည်။


နောက်ဆုံးအနေဖြင့် လုပ်ငန်းပိုင်ရှင်စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးရန် ဖိတ်ခေါ်လိုပါသည်။ ကျွန်ုပ်တို့ ကောင်းမွန်စွာ လုပ်ဆောင်နေသည့်အရာနှင့် သင့်လိုအပ်ချက်ကို ပို၍ကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည့်နေရာများနှင့် စပ်လျဉ်း၍ သင့်အကြံပြုချက်ကို တောင်းခံလိုပါသည်။ အကြံပြုချက် ပေးအပ်ခြင်းအတွက် ကျေးဇူးတုံ့ပြန်ထားသော ၁၀% လျှော့ဈေးကို အသုံးပြုရန် မမေ့ပါနှင့်။

သင်၏ အားပေးကူညီမှုက Weaver Street Market ကို ပို၍အားကောင်းလာစေပါသည်။

*James Watts*

## Ruffin Slater သည် အထွေထွေမန်နေဂျာအဖြစ် လုပ်ငန်းကို နှစ်များစွာကြာ ဦးစီးခဲ့ပြီးနောက် အနားယူခဲ့သည်

*Allanah Hines၊ Weaver Street Market ဘုတ်အဖွဲ့ဥက္ကဋ္ဌ*



Weaver Street Market အနေဖြင့် Weaver Street Market တည်ထောင်သူတစ်ဦးဖြစ်ပြီး လုပ်ငန်းစတင်စဉ် ၁၉၈၈ ခုနှစ်ကတည်းက အထွေထွေမန်နေဂျာအဖြစ် ထမ်းဆောင်ခဲ့သူ Ruffin Slater ကို ကျေးဇူးအထူးတင်ရှိပါသည်။ Ruffin သည် ၃၆ နှစ်ကြာ ရာထူးသက်တမ်းအတွင်း သမဝါယမစနစ်၏ ပုံပြင်ပြောင်းလဲနိုင်မှုစွမ်းအားအပေါ် ရပ်တည်ကာကွယ်ခဲ့သည့်အပြင် အာဟာရဖြစ်ထွန်းသောအစားအစာများ ပေါပေါများများ ရရှိစေခြင်း၊ Weaver Street Market ကို ကွန်မြူနတီရှိသူအားလုံးအတွက် နွေးထွေးစွာပေါင်းဆုံရာနေရာအဖြစ် မြေတောင်မြှောက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

Slater ၏ မဆုတ်မနစ်သော အမြော်အမြင်နှင့် စူးစိုက်နှစ်မြှုပ်မှုတို့ကြောင့် Weaver Street သည် အရှေ့တောင်ပိုင်းဒေသ၏ အကြီးမားဆုံး သမဝါယမလက်လီကုန်စုံဆိုင် ဖြစ်လာခဲ့သည်။ Weaver Street Market နှင့် ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်ကြသည့် လုပ်ငန်းပိုင်ရှင်စားသုံးသူနှင့် လုပ်ငန်းပိုင်ရှင်လုပ်သားပေါင်း ၂၆,၀၀၀ ကျော်အထိ တိုးပွားလာခဲ့သည်။

> *"ကျွန်တော် မိသားစုအတွက် အချိန်ပိုပေးပြီး နယ်ပယ်သစ်တွေမှာ စူးစမ်းလေ့လာဖို့ စိတ်ကူးထားပါတယ်။ ကျွန်တော်အနေနဲ့ မြောက်ကာရိုလိုင်းနား အစားအသောက်စနစ်ကို ပြောင်းလဲပစ်ဖို့ရည်ရွယ်တဲ့ Weaver Street Market ရဲ့ မစ်ရှင်ကို ဆက်လက်ပံ့ပိုးသွားပါမယ်။"*
>
> *Ruffin Slater*

# ကွန်မြူနတီကို အာဟာရဖွံ့ဖြိုးစေခြင်း

## တစ်ပိုင်တစ်နိုင်တဓာင်သူများထံမှ ဂဟေစနစ်နှင့်ကိုက်ညီသဓာကုန်စည်များ ဝယ်ယူခြင်း

Weaver Street Market သည် လူသားများနှင့် ကမ္ဘာမြေအပေါ် ကဓာင်းကျိုးပြုသဓာကုန်စည်များကို ဝယ်ယူနိုင်ရန် ကြိုးစားပါသည်။ ယင်းသို့သဓာ အကျိုးသက်ရဓာက်မှုကဓာင်းများ ပမြည့် အသိအမှတ်ပြုလက်မှတ်အသစ် သုံးမျိုးကို ကျွန်ုပ်တို့၏စတိုးဆိုင်များတွင် တွေ့ရပါမည်။

သဘာဝနည်းဖြင့် စိုက်ပျိုးကဓြာင်းထဓာက်ခံသဓာ **Certified Naturally Grown** မှာ ဂဟေစနစ်နှင့် လျော်ညီသဓာနည်းလမ်းများဖြင့် အစားအစာထုတ်လုပ်သည့် တဓာင်သူလယ်သမားများအတွက် အသိအမှတ်ပြုလက်မှတ်တစ်ခုဖြစ်သည်။ ဤအသိအမှတ်ပြုလက်မှတ်သည် အချိန်ကုန်၊ ငွေကုန်ပြီး တစ်ပိုင်တစ်နိုင်စိုက်ခင်းများအတွက် အမဲပြာစေ သင့်တဓာ်ခြင်းမရှိသဓာ USDA အဓာ်ဂဲနစ်လက်မှတ်နရောတွင် သက်သာလွယ်ကူစွာ အစားထိုးနိုင်စသေည်။



Durham, NC တွင် ရှိသဓာ **Red's Quality Acre** လုပ်ငန်းသည် ၂၀၁၇ မှစ၍ "Certified Naturally Grown" အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ တဓာင်သူ Dave က *"ကျွန်တဓာ်တို့အနနေ့ ရရှေည်တည်တံ့မယ့်နည်းလမ်းတွကေို ဘယ်လဓာက်ထိ ခိုင်ခိုင်ကြည်ကြည် ကျင့်သုံးကဓြာင်း စားသုံးသူတွကေို ပခြျင်တယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တဓာ်တို့နဲ့ သဟဇာတဖြစ်တယ်လို့ ခံစားရတဲ့ အဖွဲ့နဲ့လည်း လက်တွဲလုပ်ဆဓာင်လိုတာပါ" ဟု ပဓြာသည်။*

Reeds Quality Acre ကမူ Weaver Street Market သို့ ရာသီပေါ်အဖြစ် ချယ်ရီ ခရမ်းချဉ်၊ ခရမ်းသီးနှင့် ငရုတ်ကဓာင်းများ ပေးသွင်းလေ့ရှိပါသည်။

**EcoCertified** အစီအစဉ်သည် အရှေ့ဘက်ကမ်းရိုးတန်းဒသေတွင် ရရှေည်တည်တံ့စွာ သစ်သီးဝလံထုတ်လုပ်နိုင်စရေန် ဂဟေစနစ်နှင့် ကိုက်ညီသဓာ ထုတ်လုပ်ရေးနည်းစနစ်များကို ချပပြေးပါသည်။ ဤနည်းလမ်းများသည် ဝတ်မှုန်ကူးအကဓာင်ငယ်များ၊ တဓာရိုင်းတိရစ္ဆာန်များနှင့် လူများကို ကာကွယ်ပေးပြီးမြေထုနှင့် ရထေုကို သန့်ရှင်းစသေည်။



ပျော်ရွှင်သဓာပျားများ
သန့်စွမ်းသဓာအပင်များ
အံ့ဖွယ်သစ်သီးဝလံများ

Taylorsville, NC တွင် တည်ရှိသဓာ **Deal Orchards** လုပ်ငန်းမှာမူ ၎င်းထံမှ ပန်းသီး၊ မက်မွန်သီးများ မှာယူလေ့အရှိဆုံး ဒသေရင်းမြစ်တစ်ခု ဖြစ်သည်။ ၎င်းတို့သည် ဘက်ပေါင်းစုံဖျက်ပိုးနှိမ်နင်းရေးနည်းလမ်းများကို နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့ပါသည်။ ယခု ၂၀၂၄ ခုနှစ်တွင်မူ တစ်ဆင့်တိုး၍ စိုက်ရေိယာတစ်စိတ်တစ်ဒသေကို "EcoCertified" အဖြစ် အဆင့်မြှင့်တင်ပဓြာင်းလဲခဲ့ပါသည်။ ဤစမ်းသပ်မှု အဓာင်မြင်ခဲ့ပါက ၂၀၂၅ ခုနှစ်တွင် "EcoCertified" စိုက်ရေိယာများ တိုးချဲ့သွားရန်ရှိပါသည်။

**ပမြန်လည်ရှင်သန်စိုက်ပျိုးရေးနည်းစနစ်ကျင့်သုံးသဓာ** စိုက်ခင်းများအတွက်လည်း အသိအမှတ်ပြုလက်မှတ်အသစ်များစွာ ရှိနပေါသည်။ ၎င်းတို့မှာ "Regenerative Organic လက်မှတ်"၊ "Land to Market လက်မှတ်" နှင့် "Regenified လက်မှတ်" တို့ဖြစ်သည်။ ပမြန်လည်ရှင်သန်စိုက်ပျိုးရေးနည်းလမ်းများသည် မြေဆီလွှာကျန်းမာရေး၊ ဇီဝမျိုးကွဲစုံလင်မှုနှင့် ရာသီဥတုခံနိုင်ရည်ကို မြှင့်တင်ပေးပြီး တိရစ္ဆာန်များအတွက်လည်း အကျိုးရှိစသေည်။

# ကွန်မြူနတီကို အာဟာရဖွံ့ဖြိုးစေခြင်း

## Weaver ကိုယ်တိုင်ထုတ် စားသောက်ကုန်အသစ်များတွင် အလေးထားသည်တို့မှာ- အရသာ၊ အာဟာရနှင့် လတ်ဆတ်မှု

**ကျွန်ုပ်တို့၏ မုန့်ဖုတ်ဆရာနှင့် စားဖိုမှူးများက နာမည်ကျော်စားသောက်ဖွယ်တစ်ခုကို အခြေခံကာ ပြန်လည်ဆန်းသစ်ပြီး အရသာရှိသော Weaver ထုတ်စားသောက်ကုန်အဖြစ် ပြောင်းလဲခဲ့ကြသည်။**

### Bakers Tiffany Thomas နှင့် Amy Lorang တို့မှ

*သက်သတ်လွတ်လခြမ်းကွေးမုန့် ထုတ်လုပ်ခြင်း*

*ကျွန်ုပ်တို့၏ မုန့်ဖုတ်အဖွဲ့အနေဖြင့် သက်သတ်လွတ်မုန့်များ စုံစုံလင်လင် ထုတ်လုပ်ပေးရန် စားသုံးသူ၏တောင်းဆိုမှုများ မကြာခဏ လက်ခံရရှိပါသည်။ ကျွန်ုပ်တို့၏ သက်သတ်လွတ်လက်ရွေးစင်မုန့်များဖြစ်သော သက်သတ်လွတ် ပန်းသီးပိုင်မုန့်နှင့် ကန်စွန်းဥပေါင်မုန့်ဝိုင်းတို့မှာ စားသုံးသူအကြိုက်ဆုံးမုန့်များ ဖြစ်ပါသည်။ မုန့်ဖုတ်မဂ္ဂဇင်းတစ်စောင်တွင် သက်သတ်လွတ်လခြမ်းကွေးမုန့် ပြုလုပ်ပုံ ဆောင်းပါးတစ်ပုဒ် ဖတ်ရှုအပြီး မုန့်ဖုတ်အဖွဲ့သည် ပင်ထွက်ပစ္စည်း အခြေခံသော လခြမ်းကွေးမုန့် ထုတ်ကုန်သစ် ထုတ်လုပ်ရန် စိန်ခေါ်မှုစတင်ခဲ့ကြသည်။*

*မုန့်ဖုတ်အဖွဲ့သည် လခြမ်းကွေးမုန့်အတွက် ဂျုံမှုန့် ပြန်လည်ရဆောစပ်ပြီး ပင်ထွက်ပစ္စည်းအခြေခံသော ထောပတ်သုံးမျိုးကို မံ၍ စမ်းသပ်ခဲ့ကြရာ* Violife *ထောပတ်မှာ လုပ်ရလွယ်ကူဆုံးနှင့် ရလဒ်အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့သည် (သက်သတ်လွတ်မနက်စာ အသားညှပ်ပေါင်မုန့်အတွက် ရည်ရွယ်သော) လခြမ်းမုန့်အလွတ်အပြင် မုန့်ဖုတ်စဉ် ထည့်သွင်းထားသည့် အဆာပလာပုတ်ကျမသွားသည့် ချောကလက်လခြမ်းမုန့်တို့ကို ထုတ်လုပ်ခဲ့သည်။*



*ဝမ်းသာစရာတိုက်ဆိုင်မှုတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် စမ်းသပ်ဂျုံလုံးများကို သစ်ကံပြီးခေါက်၊ စပျစ်သီးခြောက်တို့နှင့် ရဆောစပ်မိရာမှ*

*သက်သတ်လွတ်လခြမ်းကွေးမုန့်ကို လွန်ခဲ့သည့် ရှစ်လအကြာက စတင်ထုတ်လုပ်ပြီးနောက်ပိုင်း မုန့်အခုရေ ၈,၀၀၀ ကျော် ရောင်းချနိုင်ခဲ့သည်။*

*သက်သတ်လွတ်စပျစ်သီးခြောက်မုန့်လုံး ထုတ်လုပ်နိုင်ခဲ့သည်။*

### စားဖိုမှူး Glenn Lozuke ပြောသော

*ကွပ်ရှသည့် ကိုယ်ပိုင်လက်ရာ ကြက်သားညှပ်ပေါင်မုန့်ထုတ်လုပ်ခြင်းအကြောင်း*

*အရသာရှိလှသော ဤကြက်သားညှပ်ပေါင်မုန့်သည် Weaver Street စားသောက်ဆိုင်ဘားတွင် သင်ကြိုက်နှစ်သက်ဆုံး စားသောက်ဖွယ်အသစ်ပင် ဖြစ်လာနိုင်ပါသည်။*



ကျွန်ုပ်သည် Weaver Street ၏ ကိုယ်ပိုင်ဟင်းလျာများ တီထွင်ချက်ပြုတ်ရာတွင် နှစ်များစွာကြာ အားတက်သရောရှိခဲ့ပြီး အထူးသဖြင့် ကျွန်ုပ်တို့ ထုတ်လုပ်ရောင်းချသော ကြက်ကြော်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်နှစ်ခန့်က ကြက်ပေါင်နှင့် ရင်ပုံများတွင် အုပ်မံရာတွင် သုံးသော ထောပတ်ထုတ်ပြီးနို့ရည်နှင့် ဂျုံမှုန့်ကို ဖျော်စပ်ခဲ့ပါသည်။ ကြက်သားများကို ပြင်ဆင်မွမ်းမံပြီးနောက် ဆီအနည်းငယ်ထည့်ကာ ဒယ်အိုးပြားများပေါ်တွင် တင်၍ မီးပြင်းပြင်းနှင့်ကင်ပြီး ကွပ်ရှ၍ ဝါဝင်းဝင်းအနအေထား ရသည်အထိ ပြုလုပ်ပါသည်။

ကြက်ကြော်ညှပ်ပေါင်မုန့်များ ပြုလုပ်ရောင်းချခဲ့သည်လိုလည်း အမဲပြင် အမှတ်ရနေမိပါသည်။ Chick-fil-A ကြက်ကြော်နှင့် ဒိန်ခဲအသားညှပ်ပေါင်မုန့်ကို တွေ့မြင်အားကျ (တနည်းအားဖြင့် အားမလိုအားမရ) ဖြစ်ခဲ့ပြီးနောက် Weaver Street Market ၏ ကိုယ်ပိုင်ကြက်ကြော်ညှပ်ပေါင်မုန့် ထုတ်လုပ်သင့်ပြီဖြစ်ကြောင်း သိလာခဲ့ရသည်။

ကြက်ကြော်ညှပ်ပေါင်မုန့်တွင် Focaccia Burger Bun ပေါင်မုန့်သား၊ ကြက်ကွပ်ကြော်၊ သခွားစိတ်၊ တဘေကီပြုပြားရည်၊ ဆော့ချဉ်တို့ အလွှာလိုက်ထည့်ပြီးအပေါ်တွင် ဒိန်ခဲရည် အုပ်ပါသည်။

# ကွန်မြူနတီကို အာဟာရဖွံ့ဖြိုးစေခြင်း

## FOOD for ALL အစီအစဉ်ဖြင့် အစားအစာ တန်းတူညီမျှမှု မြှင့်တင်ခြင်း

ကွန်မြူနတီကပိုင်သော ကုန်စုံစတိုးဖြစ်သည်နှင့်အညီ Weaver Street Market အနေဖြင့် မည်သူမဆို အာဟာရဖြစ်ထွန်းသောအစားအစာ ဝယ်ယူနိုင်သည့် အားလုံးအကျုံးဝင်သောစတိုးတစ်ခု ဖန်တီးရန် သန္နိဋ္ဌာန်ပြုထားပါသည်။ FOOD for ALL (FFA) အစီအစဉ်က အစားအစာမဖူလုံမှု ကံကြုံရေသူများ ကျွန်ုပ်တို့စတိုးတွင် ပို၍လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်စေရန် စီစဉ်ထားပါသည်။

FFA အစီအစဉ်တွင် ပါဝင်ကြသော လူပုဂ္ဂိုလ်များ၊ မိသားစုများ ၇၀၀ ကျော်အထိ ရှိပါသည်။ မကြာသေးမီက စစ်တမ်းတစ်ခုတွင် FFA အစီအစဉ် ပါဝင်သူများကို အစီအစဉ်က ၎င်းတို့လူနေမှုဘဝအပေါ် မည်သို့သက်ရောက်ကြောင်း မျှဝေပေးရန် ဖိတ်ခေါ်ခဲ့သည်။ ၎င်းတို့က အောက်ပါတို့ကို အသိအမှတ်ပြုကြောင်း ဖွင့်ဟခဲ့ကြသည်။

- SNAP အကျိုးခံစားခွင့်များ သိသိသာသာ ကျဆင်းပြီး ငွေကြေးဖောင်းပွမှုကြောင့် အစားအစာ ပိုဈေးကြီးလာချိန်တွင် **အသင်းဝင်မိသားစုများအတွက် လတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများ ပံ့ပိုးပေးရန် နည်းလမ်းများပိုမိုရရှိခြင်း။**

*"ကျန်းမာမှုနဲ့ သုခချမ်းသာကို ထိန်းသိမ်းရာမှာ အဟန့်အတားများစွာ ရှိပါတယ်။ ဒါပေမယ့် FFA အစီအစဉ်ကြောင့် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေ အရင်ကထက်ပိုပြီး ဝယ်နိုင်ခဲ့တယ်"*

- **ကျွန်ုပ်တို့နှင့် တန်ဖိုးထားမှု ထပ်တူကျသော ဒေသခံတောင်သူများနှင့် ထုတ်လုပ်သူများကို ထောက်ပံ့နိုင်ခြင်း။** FFA တွင် ပါဝင်သူများ၏ ဝယ်ယူမှုအနက် ၆၅ ရာခိုင်နှုန်းကျော် ဒေသထွက်ထုတ်ကုန်၊ သမဝါယမထုတ်ကုန်နှင့် Game Changer ကုန်ပစ္စည်းများ ဖြစ်ပါသည်။

*"သမဝါယမအဖွဲ့ကို ပံ့ပိုးကူညီရင်း ရရှေ့ည်တည်တံ့တဲ့ ဒေသထွက်ထုတ်ကုန်တွေနဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ ဝယ်ယူရတာကို နှစ်သက်ပါတယ်။ ဒီအစီအစဉ်နဲ့အတူ ဒေသခံတောင်သူလယ်သမားတွေကို ထောက်ပံ့ပေးနိုင်ပြီး မိသားစုအတွက် အရည်အသွေးပိုကောင်းတဲ့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ဥနဲ့ နို့တွေကို ဝယ်ယူနိုင်ပါတယ်။"*

- **သမဝါယမအသင်းဝင်ဖြစ်လာပြီး ကွန်မြူနတီတွင် ပူးပေါင်းပါဝင်ခွင့်ရခြင်း။**

*"ဒီအစီအစဉ်က အရမ်းကောင်းပါတယ်။ Weaver Street မှာ ဈေးဝယ်ပြီး အခြားသူတွေနည်းတူ လုပ်ငန်းပိုင်ရှင်ဖြစ်လာစေပါတယ်။ ဝန်ထမ်းတွေကော ဖော်ရွေပြီး အဲဒီကိုရောက်တာနဲ့ ကွန်မြူနတီတစ်ခုရဲ့ အစိတ်အပိုင်းလို ခံစားရတယ်။"*

**ပါဝင်သူတို့၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ကာကွယ်ရန် ၎င်းတို့၏ မှတ်ချက်စကားများကို ပေါင်းစပ်၍ တည်းဖြတ်ထားသည်။**

## ကွန်မြူနတီမိတ်ဖက်များကို ဖွံ့ဖြိုးစေခြင်း

**Marion Cheek Jackson Center (MCJC)**၊ **North Carolina Asian Americans Together (NCAAT)**၊ **Book Harvest** နှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကွန်မြူနတီများကို သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုများ မျှဝေရာ ပွဲလမ်းသဘင်များတွင် ပေါင်းဆုံစေခဲ့ပြီး ကလေးများစာတတ်မြောက်ရေးကိုလည်း အားပေးခဲ့သည်။

**MCJC**နှင့် ပူးပေါင်းပြီး လူမည်းသမိုင်းအထိမ်းအမှတ်လ ပွဲတော်ကို ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုပွဲတော်တွင် ဒေသခံကဗျာဆရာများ၊ ဟာသပြောဆရာများနှင့် သမိုင်းပညာရှင်များ တက်ရောက်ခဲ့ကပြီး ၎င်းတို့က ကဗျာရွတ်ခြင်း၊ ပုံပြောခြင်းအနုပညာဖြင့် Chapel Hill နှင့် Carrboro ၏ ကြွယ်ဝလှသော လူမည်းသမိုင်းများအကြောင်း မျှဝေခဲ့ကြသည်။ အစီအစဉ်တွင် ကျွန်ုပ်တို့သည် ဒေသခံမိသားစုများနှင့် သက်ကြီးရွယ်အိုများကို ကူညီနေသော MCJC ၏ Heavenly Groceries Food Pantry အစီအစဉ်အတွက် လတ်ဆတ်စားသောက်ကုန်များ ပေးအပ်လှူဒါန်းခဲ့သည်။



**NCAAT** နှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အာရှပစိဖိတ်အမေရိကန် အမွေအနှစ်အထိမ်းအမှတ်လအတွက် ကမကထပြုခဲ့ပြီး ၎င်းတို့၏ Citizenship Clinics ဆေးခန်းများသို့ လှူဒါန်းမှုပြုလုပ်ခဲ့သည်။ NCAAT ကလည်း ကျွန်ုပ်တို့ထံမှ အာရှအမေရိကန်ကုန်သည်များနှင့် တောင်သူများကို ၎င်းတို့၏ပွဲတော်များတွင် ဖိတ်ခေါ်ရောင်းချစေကာ အပြန်အလှန်အားပေးကူညီမှုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခဲ့သည်။

**Book Harvest** နှင့် ပူးပေါင်းဆောင်ရွက်ရာ၌ ကျွန်ုပ်တို့သည် ၎င်းတို့၏ နှစ်ပတ်လည်စာအုပ်ပွဲတော်တွင် ပါဝင်ခဲ့ပြီး ယဉ်ကျေးမှုပေါင်းစုံစာအုပ်များကို ဝယ်ယူစုဆောင်းကာ ကလေးငယ်များစာတတ်မြောက်မှုအတွက် ထောက်ပံ့ကူညီခဲ့သည်။ ကျွန်ုပ်တို့သည် ၎င်းတို့၏ MLK ပွဲကိုလည်း တက်ရောက်အားပေးခဲ့ပြီး ထိုပွဲတွင် သမဝါယမစနစ်နှင့် ပတ်သက်သည့် ပညာပေးစာစောင်များကို မျှဝေခဲ့သည်။

# ကွန်မြူနတီအကျိုးပြုထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

## Happy Dirt၊ Farmer Foodshare တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ တစ်ပိုင်တစ်နိုင်တောင်သူများထံမှ ဒေသထွက်ကုန်စည်များ တိုးချဲ့ဝယ်ယူခြင်း



*ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုများမှာ ကျွန်ုပ်တို့နှင့်အတူ တောင်သူလယ်သမားများ၊ ထုတ်လုပ်သူများမှသည် သမဝါယမပိုင်ရှင်များနှင့် စားသုံးသူများအထိ ပါဝင်သည်။ အလယ်တွင်ရှိသော ကန့်လန့်ကာနောက်ကွယ်မှသူရဲကောင်းများမှာ ကျွန်ုပ်တို့၏ ဖြန့်ဖြူးရေးမိတ်ဖက်လုပ်ငန်းများ ဖြစ်ကြပါသည်။ ၎င်းတို့သည် ထုတ်ကုန်အမျိုးမျိုးကို နီးဝေးမဟူ သယ်ယူပေးကြပါသည်။ ကျွန်ုပ်တို့ကို ဒေသထွက်ကုန်စည်များစွာကို ရွေးချယ်နိုင်စေရန် ကူညီပေးသော ဒေသတွင်းဖြန့်ဖြူးရေးလုပ်ငန်းနှစ်ခုမှာ**Happy Dirt** နှင့် **Farmer Foodshare** တို့ ဖြစ်ကြသည်။*

**Happy Dirt** သည် Durham အခြေစိုက်ပြီး အောက်ခြေမှတက်လာသော အမျိုးသမီးပိုင် ကုန်ပေးသွင်းရေးလုပ်ငန်းဖြစ်သည်။ ကုမ္ပဏီကို ၂၀၀၄ ခုနှစ်တွင် Eastern Carolina Organics အဖြစ် အစပြုခဲ့သည်။ ထိုစဉ်က ဒေသဈေးကွက်၏ တစ်ခုတည်းသော ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်း ဖြစ်ခဲ့ပြီး အဓိကအားဖြင့် ကယ်လီဖိုးနီးယား ဒေသထွက်ကုန်စည်များကို ဖြန့်ဖြူးပါသည်။ "ဒေသထွက်" မှာလည်း သီးသန့်ဈေးကွက်တစ်ခု ဖြစ်ခဲ့ပါသည်။ ယနေ့အခါ ၎င်းတို့တွင် စတုရန်းပေ ၂၆,၀၀၀ ကျယ်ဝန်းသော ဂိုဒေါင်နေရာများ ပိုင်ဆိုင်နေပြီဖြစ်ပြီး မြောက်ကာရိုလိုင်းနားရှိ တောင်သူလယ်သမား ၅၆ ဦးထံမှ ကုန်စည်များမှအပြင် နိုင်ငံအနှံ့ရှိ အသေးစားနှင့် အလတ်စားလယ်ယာလုပ်ငန်းများထံမှ ကုန်စည်များကို ဝယ်ယူလျက်ရှိသည်။ ဘယ်ရီ၊ ဧရုတ်၊ ခရမ်းချဉ်စသည့် သီးနှံများနှင့် ပတ်သက်လျှင်မူ Happy Dirt ၏ တံဆိပ်ကို တွေ့ရများပါမည်။

*Butler Family Farm သည် Roseboro, NC တွင် ရှိသည့် လူမည်းပိုင် အော်ဂဲနစ်လက်မှတ်ရခြံဖြစ်သည်။ လုပ်ငန်းက သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်နေပြီး ကျွန်ုပ်တို့ သဘောအကျဆုံးမှာ အစေ့ပါဖရဲသီးများ ဖြစ်သည်။*

**Farmer Foodshare** သည် Durham အခြေစိုက် အကျိုးအမြတ်မရည်ရွယ်သော စားသောက်ကုန်လုပ်ငန်းအဖွဲ့ဖြစ်ပြီး မြောက်ကာရိုလိုင်းနားကောင်တီ ၃၀ အတွင်းရှိ စိုက်ပျိုးရခြံ ၇၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်နေသည်။ အဖွဲ့က အစားအစာမဖူလုံသော မိသားစုများအတွက် ဒေသထွက်စာများ ထောက်ပံ့နေသလို Weaver Street Market အပါအဝင် စာသင်ကျောင်း၊ အသင်းအဖွဲ့၊ စားသောက်ဆိုင်နှင့် လက်လီလုပ်ငန်းများအတွက်လည်း လက်ကား စိုက်ပျိုးထုတ်လုပ်ပေးနေသည်။

လုပ်ငန်းကွန်ရက်၏ ၉၂% မှာ အသေးစား (သို့) အလတ်စားစိုက်ပျိုးရေးခြံများ ဖြစ်ကြပြီး စိုက်ခြံ ၇၂% သည် အစပျိုးစ စိုက်ခြံများသော်လည်းကောင်း၊ အမျိုးသမီးပိုင် နှင့်/သို့မဟုတ် BIPOC ပိုင်စိုက်ခြံများသော်လည်းကောင်း ဖြစ်ကြသည်။ Farmer Foodshare သည် စိုက်ခြံများ လုပ်ငန်းကျွမ်းကျင်ပြီး ရပ်တည်နိုင်ရန် ကူညီပေးကာ ဒေသတွင်းမြေများကို မလွတ်တမ်း စိုက်ပျိုးပြီး မြောက်ကာရိုလိုင်းနား၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရန် အထောက်အပံ့ပြုသည်။



*Farmer Foodshare သည် Taylorsville, NC ရှိ တတိယမျိုးဆက် သစ်သီးခြံ Deal Orchards နှင့် ပူးပေါင်းပြီး မြောက်ကာရိုလိုင်းနားတွင် EcoCertified သစ်သီးဝလံအစီအစဉ်ကို စတင်ခဲ့သည်။ Weaver Street Market အနေဖြင့် မက်မွန်သီး၊ သစ်တော်သီး၊ ပန်းသီးများအပါအဝင် သစ်သီးဝလံအမျိုးမျိုးကို ထိုသစ်သီးခြံများမှ ဝယ်ယူနေပါသည်။*

# ကွန်မြူနတီအကျိုးပြုထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

## ဈေးကွက်နေရာရရှိမှု မြှင့်တင်ရန် Game Changer ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

Weaver Street Market အနေဖြင့် Game Changer ထုတ်လုပ်သူများစွာအတွက် လက်လီဈေးကွက်ခရီးစဉ် အစပိုင်းတွင် ပါဝင်ခွင့်ရခဲ့သည့်အတွက် ဂုဏ်ယူမိပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ထုတ်လုပ်သူများသည် စိုက်ပျိုးရင်း၊ သင်ယူရင်းနှင့် ကွန်မြူနတီအပေါ် အကျိုးပြုခြင်းကြောင်း တွေ့မြင်ရသည်။ ဤထုတ်လုပ်သူများအနက် အနည်းငယ်အကြောင်း ထုတ်နုတ်ပြီး၊ ပြီးခဲ့သည့်နှစ်အတွင်း ၎င်းတို့ အံ့အားသင့်ဖွယ် စွမ်းဆောင်ခဲ့ကပြုံကို မျှဝေလိုပါသည်။




Cary မြို့အခြေစိုက် **ထုတ်ကုန် Dojo Fresh** ပင်ထွက်ပရိုတိန်းသည် Weaver Street Market ဆိုင်များတွင် မတင်မီ စတိုးဆိုင်အနည်းငယ်တွင်သာ ရှိခဲ့ပါသည်။ Startup CPG မှ အလားတူထုတ်ကုန် ၁,၅၀၀ ကျော်၏ နောက်ခံဇာတ်ကြောင်း၊ ထုတ်ကုန်အရသာနှင့် ကုန်အမှတ်တံဆိပ်ပုံရိပ်တို့အပေါ် အကဲဖြတ်ရွေးချယ်သည့် Shelfie Finalist for Plant-Based Alternatives တွင် Dojo Fresh က ဆန်ကာတင်စာရင်းဝင်ခဲ့ပါသည်။ ဤကုန်အမှတ်တံဆိပ်သည် ၂၀၂၃ ခုနှစ်က Dojo Fresh ရရှိခဲ့သည့်အခွင့်အလမ်းနှင့် တိုက်ဆိုင်ပါသည်။ ထိုစဉ်က UNC Kenan-Flagler စီးပွားရေးကျောင်းမှ ထူးချွန်ကျောင်းသားများ၏ ထုတ်ကုန်လေ့လာမှုတွင် Dojo Fresh ပူးပေါင်းဆောင်ရွက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ဤစီမံကိန်းက ဒေသခံကျောင်းသားများနှင့် Dojo Fresh ကို အကျိုးဖြစ်ထွန်းစေခဲ့သည်။



Weaver Street Market သည် Franklinton အခြေစိုက် **Indulgent Essential Spices** ထုတ်ကုန်ကို ပထမဆုံးတင်ရောင်းပေးသော စတိုး ဖြစ်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် လုပ်ငန်းပူးတွဲတည်ထောင်သူ Queen Precious-Jewel Zabriskie သည် Gordon Ramsay ၏ Food Stars ပြိုင်ပွဲပထမ ရာသီတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ မကြုံစဖူး အတွေ့အကြုံကောင်းတစ်ခုကို ရရှိခဲ့သည်။ ဤအတွေ့အကြုံသည် သူမ၏ ထုတ်ကုန်များကို ပရိသတ်များစွာထံ မိတ်ဆက်ဖြန့်ချိရန် အခွင့်အရေးကို ပေးခဲ့သည်။ နိဝင်ဘာလတွင် Indulgent Essential Spices သည် Weaver Street Market နှင့် ပူးပေါင်းပြီး စားသုံးများအတွက် စားမြိန်ရည်ပုလုပ်နည်းသင်တန်းကို ပေးအပ်ခဲ့သည်။ ထိုအတွေ့အကြုံမှတစ်ဆင့် ၎င်း၏လုပ်ငန်းပရဝုဏ်များအတွင်း ကိုယ်ပိုင်အချက်အပြုတ်သင်တန်းများ ဖွင့်နိုင်စေခဲ့သည်။

*Hillsborough ရှိ Kokada Coconut Spread မှာ*
*၎င်းတို့၏ထုတ်ကုန်များကို ကျွန်ုပ်တို့ မတင်ပေးမီ*
*အခြေစတိုးဆိုင်တစ်ခုတွင်သာ တင်နိုင်ခဲ့ပါသည်။*
*ယနေ့တွင်မူ ၎င်းတို့ထုတ်ကုန်များကို*
*နိုင်ငံအနှံ့ စတိုးဆိုင်ပေါင်း ၁,၀၀၀ ကျော်တွင် တွေ့နိုင်ပါပြီဖြစ်သည်။*



ပြီးခဲ့သည့်နှစ်တွင် ၎င်းတို့ နောက်ဆုံးထုတ် Kokada Dunks ထုတ်ကုန်သစ် ကို Weaver Street Market များတွင် စတင်မိတ်ဆက်ခဲ့ပါသည်။ ကျောင်းသားနေ့လည်စာအတွက် သင့်တော်သော Dunks သည် မြေပဲလွတ်သရေစာထုတ်ကုန်သစ်ဖြစ်ပြီး Kokada Coconut Spread နှင့် သက်သတ်လွတ် ထောပတ်မုန့်ချောင်းပါ တွဲပါပါသည်။ သုံးဦးပါ အဖွဲ့အဖြစ် အချိန်ပိုင်းစတင်ခဲ့သော ၎င်းတို့သည် ပြီးခဲ့သည့်သုံးနှစ်အတွင်း လုပ်ငန်းအဖွဲ့ငယ် ဖွဲ့စည်းနိုင်ကာ ကွန်မြူနတီအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ခဲ့သည်။

# ကွန်မြူနတီအကျိုးပြုထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

FROM FAMILY FARMS
RIOJANA
TO FAMILY TABLES



**၂၀၂၄ ခုနှစ်သည် Weaver Street က La Riojana ဝိုင်များကို စတင်ရောင်းချပေးခဲ့သည် ၁၀ နှစ်ပြည့်နှစ်ပတ်လည်ဖြစ်သည်။** La Riojana Winery သမဝါယမသည် အာဂျင်တီးနားအနောက်မြောက်ပိုင်းရှိ တောင်သူလယ်သမားပိုင်လုပ်ငန်းဖြစ်သည်။ အဖွဲ့ဝင် ၅၀၀ ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်စပျစ်တောင်သူများဖြစ်ပြီး တစ်ဦးလျှင် စပျစ် ၇ ဧကအောက်သာ ပိုင်ဆိုင်ကြသည်။ အဖွဲ့ဝင်အများစုက အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးကြသော်လည်း ၎င်းတို့အားလုံးသည် အသိအမှတ်ပြုလက်မှတ် ရမထားကြပါ။ Fairtrade Premium အစီအစဉ်ကမူ တောင်သူများ၏ စပျစ်စိုက်ခင်းများ အော်ဂဲနစ်လက်မှတ်ရရှိအောင် ကူးပြောင်းရန် ကူညီပေးခဲ့သည်။

*La Riojana က ဥရောပတွင် ဝိုင်ပမာဏများစွာ ရောင်းချနေသော်လည်း အမေရိကန်ဈေးကွက်သို့ ထိုးဖောက်ရာတွင် ကြီးမားသောအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ကျွန်ုပ်တို့သည် သမဝါယမအချင်းချင်း တိုက်ရိုက်ရောင်းဝယ်မှု စတင်ရန် La Riojana နှင့် ပူးပေါင်းခဲ့ပါသည်။ ဤနည်းဖြင့် အရည်အသွေးမြင့်ဝိုင်ကို ဈေးသင့်တော်စွာဖြင့် ရောင်းချပြီး တစ်ချိန်တည်းတွင် Fairtrade Premium ကခြေးလည်း ပေးဆောင်နိုင်ခဲ့သည်။ ယနေ့တွင် La Riojana သည် အမေရိကန်ပြည်ထောင်စုရှိ သမဝါယမအဖွဲ့ပေါင်း ၂၅၀ သို့ ဝိုင်များ တိုက်ရိုက်ရောင်းချပေးနေပြီဖြစ်သည်။*



### La Riojana ၏ စီမံကိန်းများက လူနေမှုဘဝများကို မြှင့်တင်ပေးသည်

La Rioja ပြည်နယ်သည် ဝလေံခေါင်ဖျားပြီးအစဉ်အဆက် ဆင်းရဲနွမ်းပါးသော အာဂျင်တီးနားနိုင်ငံ ပြည်နယ်တစ်ခု ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် Fairtrade လက်မှတ်ရရှိပြီးနောက်ပိုင်း La Riojana က ထိုပြည်နယ်အတွင်း စီမံကိန်း ၄၀ ကျော်တွင် ဒေါ်လာ ၆ သန်းကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းတို့က တောင်သူများ၊ လုပ်သားများ၏ လူနေမှုဘဝအပြင် ၎င်းတို့နေထိုင်ရာ ရပ်ရွာများကို မြှင့်တင်ပေးခဲ့သည်။

## Weaver Street သည် သမဝါယမမိတ်ဖက်လုပ်ငန်း Co-op Italian Food ထံမှ ထုတ်ကုန်သစ် Fiorfiore ကိုလည်း ရောင်းချပေးပါသည်။




၂၀၂၄ အတွင်း Co-op Italy ၏ လက်ခွဲဖြစ်သော Co-op Italian Food (North America) နှင့် သမဝါယမချင်းပူးပေါင်းဆောင်ရွက်မှုသစ် စတင်ခဲ့သည်။ Co-op Italy သည် လမ်းထောင့်စတိုးဆိုင်ငယ်များမှသည် အကြီးစားဟိုက်ပါမားကတ်ကြီးများအထိ စတိုးဆိုင် ၁၂၀၀ ကျော်လည်ပတ်နေသော အဖွဲ့ကြီးဖြစ်သည်။ Co-op Italy သည် အီတလီတွင် အကြီးဆုံးစားသောက်ကုန်လက်လီလုပ်ငန်းတစ်ခု ဖြစ်ပြီး မကြာသေးမီကစ၍ ပြည်တွင်းအမှတ်တံဆိပ်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချခဲ့သည်။ Fiorfiore မှာ အမေရိကန်သို့ ရောက်လာသော ၎င်းတို့၏ပထမဆုံးထုတ်ကုန်ဖြစ်ပြီး Weaver Street Market က Fiorfiore တံဆိပ်ကို သယ်ယူရောင်းချသည့် ပထမဆုံး အမေရိကန်သမဝါယလုပ်ငန်းဖြစ်ပါသည်။


Weaver Street Market သည် Fiorfiore ပစ္စည်းများကို ထုတ်ကုန်အပိုင်းကြီးနှစ်ခုခွဲ၍ ရောင်းချနေသည်။ အိမ်အရောက်စနစ်တွင် တာရှည်ခံအသားငါးမျိုးနှင့် အန်တီပါစတို (Antipasto) တို့ ပါဝင်ပြီး ထုတ်ပိုးရောင်းချသည့်စနစ်တွင် အီတလီခေါက်ဆွဲခြောက်၊ ဆော့ချဉ်၊ ပက်စတို၊ ဆီ၊ ရှာလကာရည်နှင့် အခြားအီတလီစာများ ပါဝင်သည်။ ထုတ်ကုန်များကို မြည်းစမ်းကြည့်ကြပါ။ ကျွန်ုပ်တို့၏ နိုင်ငံတကာ သမဝါယမမိတ်ဖက်အဖွဲ့များ၏ ထုတ်ကုန်အရည်အသွေးနှင့် တန်ဖိုးအပေါ် လူကြိုက်မြင်းတို့ အသိအမှတ်ပြုမည်ဟု ယုံကြည်ပါသည်။



# ရှင်သန်ရပ်တည်နိုင်သော Weaver Street Market သမဝါယမကို တည်ဆောက်ခြင်း

## ကွန်မြူနတီလုပ်သားထုကို ဖွံ့ဖြိုးစေခြင်းနှင့် အထောက်အပံ့ပေးခြင်း

Weaver Street Market ဝန်ထမ်းများသည် အဖွဲ့အစည်း၏ အသက်သွေးကြောဖြစ်ပြီး အဖွဲ့ရှင်သန်ရပ်တည်နိုင်စေရန် မရှိမဖြစ် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဖူလုံလောက်ငစေသောအလုပ်အကိုင်၊ လုပ်အားခ၊ ခံစားခွင့်အပြည့်အဝ၊ ဖွံ့ဖြိုးရေးအခွင့်အလမ်းများနှင့် လုပ်သား၏လုပ်ငန်း ပိုင်ဆိုင်ခွင့်တို့ကို ပေးအပ်ရန် သန္နိဋ္ဌာန်ပြုထားပါသည်။




**အခြေခံလုပ်အားခ**. ကျွန်ုပ်တို့၏ အခြေခံလုပ်အားခမှာ တစ်နာရီလျှင် ၁၆.၅၀ ဒေါ်လာဖြစ်ပြီး ဝန်ထမ်းကျန်းမာရေးအာမခံစရိတ်၏ ထက်ဝက် အနည်းဆုံး ပံ့ပိုးသော အလုပ်ရှင်များအတွက် သတ်မှတ်ထားသည့် Orange ကောင်တီအခြေခံလုပ်အားခ ၁၆.၁၅ ဒေါ်လာထက် ပိုများပါသည်။

ကျွန်ုပ်တို့၏ ပျမ်းမျှလုပ်အားခနှုန်းသည် တစ်နာရီလျှင် ၂၀.၈ ဒေါ်လာဖြစ်ပြီး ၂၀၂၁ ခုနှစ်ကထက် ၁၂% ပိုများသည်။ ဝန်ထမ်း ၈၀% သည် WSM နှင့်အတူ ၄၀၁၀၀၀ စုငွေအစီအစဉ်တွင် ပါဝင်ရန်ရွေးချယ်ထားသည်။ ဝန်ထမ်း ၅၈% မှာ လုပ်ငန်းပိုင်ရှင်လုပ်သားများ ဖြစ်သည်။



**ဝန်ထမ်းများမတူကွဲပြားမှု-** ကျွန်ုပ်တို့သည် မတူကွဲပြားမှုကို အလေးထားပြီးအောက်ပါနည်းလမ်းများဖြင့် မြှင့်တင်ပါသည်။

**၃၈%** **BIPOC***အဖြစ်သတ်မှတ်ထားသူ ဝန်ထမ်းများ*

**၃၁%** *မန်နေဂျာများနှင့် ပညာရှင်များ* **BIPOC***အဖြစ်သတ်မှတ်ထားသူ*

**၄၆%** *မန်နေဂျာများနှင့် ပညာရှင်များ* **အမျိုးသမီး***အဖြစ်သတ်မှတ်ထားသူ*

**၇၂%** *မန်နေဂျာများကို* **ဤအတွင်းမှ***ခန့်အပ်ထားသည်*

*လူမည်း၊ ဒေသခံတိုင်းရင်းသားနှင့် လူဖြူမဟုတ်သူများ။

## လုပ်ငန်းပိုင်ရှင်စားသုံးသူများသည် ကျွန်ုပ်တို့၏ထုတ်ကုန်များကို အားပေးခြင်း၊ ကွန်မြူနတီတွင် ပူးပေါင်းပါဝင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အစီအစဉ်များတွင် အားပေးကူညီခြင်းတို့ဖြင့် ကျွန်ုပ်တို့ကို စျေးကွက်တွင် ရပ်တည်နိုင်စေသော အခြေခံအုတ်မြစ်များ ဖြစ်သည်။

လုပ်ငန်းပိုင်ရှင်စားသုံးသူများသည် ကျွန်ုပ်တို့၏ထုတ်ကုန်များကို အားပေးခြင်း၊ ကွန်မြူနတီတွင် ပူးပေါင်းပါဝင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အစီအစဉ်များတွင် အားပေးကူညီခြင်းတို့ဖြင့် **ကျွန်ုပ်တို့ကို စျေးကွက်တွင် ရပ်တည်နိုင်စေသော အခြေခံအုတ်မြစ်များ ဖြစ်သည်။**

ပိုင်ရှင်အသစ် ၁၃၅၇ ဦးအပါအဝင် **လုပ်ငန်းပိုင်ရှင်စားသုံးသူ ၂၁,၆၇၀ ဦးက** ကျွန်ုပ်တို့ထံ ဝယ်ယူအားပေးခဲ့ကြသည်။

ပိုင်ရှင်များ၏ဝယ်ယူမှုမှာ ရောင်းအားတွင် **ဒေါ်လာ ၃၄.၂ သန်း** (၆၇.၉%) အထိ ပါဝင်ပြီးကျွန်ုပ်တို့ကို ယုံကြည်ရသည့် တောင်သူနှင့် ထုတ်လုပ်သူများထံမှ အရည်အသွေးမြင့်ကုန်စည်များ ဝယ်ယူနိုင်စေခဲ့သည်။

ပိုမို၍ သာတူညီမျှဖြစ်ပြီး ရေရှည်တည်တံ့သောအစားအသောက် စနစ် တည်ဆောက်ရာတွင် ပိုင်ရှင်များ၏ဝယ်ယူမှုမှာ အလွန်အရေးကြီးသည်။ **ပိုင်ရှင်များ၏ ဝယ်ယူမှု ၆၉% သည် ဒေသထွက်၊ အဖွဲ့အစည်းထုတ်နှင့် Game Changer တောင်သူနှင့် ထုတ်လုပ်သူများထံမှ ထုတ်ကုန်များ ဖြစ်ပါသည်။**

**ပိုင်ရှင်များသည် ဝယ်ယူမှုအကြိမ်ရေ ၁.၆၄ သန်းအထိ ပူးပြလုပ်၍** စားနပ်ရိက္ခာထောက်ပံ့မှုအတွက် ရန်ပုံငွေ ၃၆၀,၂၇၁ ဒေါ်လာ ရှာဖွေပေးခဲ့သည်။ ၁၂၅,၀၀၀ ဒေါ်လာကို “FOOD for ALL” အစီအစဉ်တွင် ပါဝင်သူများအတွက် လျှော့စျေး ပေးအပ်ခဲ့သည်။

ပိုင်ရှင်များသည် ပြန်သုံး၍ရသောကိုယ်ပိုင်အိတ်များ ယူဆောင်လာခြင်းဖြင့် ပလတ်စတစ်အိတ်အလုံးရေ ၁ သန်းအထိ ချွေတာကာ ကျွန်ုပ်တို့၏ “Bring It Back” အစီအစဉ်ကို အားဖြည့်ပေးခဲ့သည်။ ပိုင်ရှင်များသည် စားသောက်ကုန်ထုပ်ပိုးမှုအတွက် ဖြေရှင်းနည်းသစ်များ ဖော်ထုတ်ရန်လည်း ဆက်လက်အားပေးခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ပိုင်ရှင်များကို အချက်အပြတ်သင်တန်းသစ် လာရောက်တက်ကြရန်၊ အိမ်နီးချင်းနှင့် မိတ်ဆွေများကို စျေးဝယ်ဖိတ်ခေါ်ရန်နှင့် ခရက်ဒစ်နှင့် ဒက်ဘစ်ကတ်အစားများ သက်သာအောင် Gift cards သုံး၍ စျေးဝယ်ကြရန် တိုက်တွန်းလိုပါသည်။

**ကျန်းမာရေးစောင့်ရှောက်မှု ပြောင်းလဲလာခြင်း။** အာမခံရှိသော ဝန်ထမ်းများအနက် ၆၁% သည် Direct Plan အစီအစဉ်ကို ရွေးချယ်ကပြီးငှင်းက ပိုသက်သာသောစရိတ်ဖြင့် ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သည်။ Direct Plan က ပြီးခဲ့သည့်နှစ်တွင် လုပ်ငန်းကို ဒေါ်လာ ၁၈၀,၀၀၀ သက်သာစေခဲ့ပြီးထိုချွေတာငွေများအနက် ဒေါ်လာ ၁၀၀,၀၀၀ ကို အစီအစဉ်အဖွဲ့ဝင်ထံမှ နုတ်ယူရန်ရှိသည်များကို သက်သာခွင့်ပေးရာတွင် သုံးစွဲခဲ့သည်။ Direct Primary Care ဒေသခံကျန်းမာရေးဝန်ဆောင်မှုအပြင် စျေးသက်သာပြီး ငွေသားလက်ခံသည့် ကျန်မာရေးဌာန ရှာဖွေပေးသော ဝန်ဆောင်မှုတစ်ခုတို့နှင့် အဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်ကာ ဤကဲ့သို့ ငွေချွေတာနိုင်ခဲ့ခြင်းဖြစ်သည်။

# ရှင်သန်ရပ်တည်နိုင်သော Weaver Street Market သမဝါယမကို တည်ဆောက်ခြင်း

## ရေရှည်တည်တံ့သော ထုပ်ပိုးမှုဆီသို့

သမဝါယမအသိုက်အဝန်း ဆက်လက်ရပ်တည်နိုင်စေရန် Weaver Street အနေဖြင့် ရေရှည်တည်တံ့ခိုင်မဲ့ခြင်းအလေ့အထများ ကျင့်သုံးခြင်းမှတစ်ဆင့် အမိုက်သရိုက်နှင့် ရာသီဥတုဆိုးကျိုးသက်ရောက်မှုများ လျှော့ချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ကာလကြာရှည်စွာ သန္နိဋ္ဌာန်ပြုထားခဲ့ပါသည်။ **ကုန်စုံစတိုးတစ်ခုအနေဖြင့် တစ်ခါသုံးအိတ်များကို ပြန်သုံးနိုင်သောအိတ်များဖြင့် အစားထိုးခြင်းသည် ကျွန်ုပ်တို့လိုက်နာနိုင်သော သက်ရောက်မှုအားအကောင်းဆုံး အပြောင်းအလဲတစ်ခုပင်ဖြစ်သည်။**







ဝန်ထမ်းများ ဦးစီးသည့် Sustainability Team ၏ ဦးဆောင်မှုဖြင့် အဖွဲ့အစည်းသည် တတ်နိုင်သမျှနေရာတိုင်းတွင် တစ်ခါသုံးပလတ်စတစ်အစား ပြန်သုံးနိုင်သောအိတ်များနှင့် အစားထိုးရန် ရည်ရွယ်ထားသည်။ ယခုနှစ်တွင် အမိုက်သရိုက်ဖို့မြေအတွင်း ပလတ်စတစ်မပါဝင်စေရေး ဤအစီအမံသုံးရပ်ဖြင့် ဖော်ဆောင်ခဲ့ရာ ထိုက်သင့်သောတိုးတက်မှုများ ရရှိခဲ့သည်။

### **ပလတ်စတစ်** မည်မျှကို **တစ်နှစ်တာအတွင်း** *ကျွန်ုပ်တို့ အတူတကွ* **ရှင်းလင်းခဲ့ကပြီလဲ**

| | |
|---|---|
| *ပြန်အပ်ရသော Bring It Back ကရားများတွင်းရှိ သစ်သီးခြောက်* | ၆၀,၀၀၀ |
| *ပြန်အပ်ရသော Bring It Back ပရိဘောဂများသို့ ကူးပြောင်းမှု* | ၃၄၄,၀၀၀ |
| *ပလတ်စတစ်မုန့်မုန့်ခွက်ကို စက္ကူခွက်များနှင့် အစားထိုးမှု* | ၆၈,၁၀၀ |
| *ဆွေးလွယ်သော ပါဖိတ်ခွက်များသို့ ကူးပြောင်းမှု* | ၃,၀၀၀ |
| *ဆွေးလွယ်သော ကွတ်ကီးအိတ်များသို့ ကူးပြောင်းမှု* | ၂၀,၀၀၀ |
| *ကိုယ်ပိုင်အိတ်ယူလာသော ဈေးဝယ်များ* | ၁,၀၀၀,၀၀၀ |
| *နွားနို့ဖန်ပုလင်းများ ပေးထားမှု* | ၄၂,၂၀၀ |

## စတိုးဆိုင်ခရီးစဉ်များက ကျောင်းသားလူငယ်များကို ဗဟုသုတတိုးစေ၊ ပျော်ရွှင်စေသည်

Weaver Street အနေဖြင့် ကျောင်းသားလူငယ်အုပ်စုများနှင့် လူငယ်အဖွဲ့အစည်းများအတွက် ပညာရေးနှင့် လုပ်ငန်းခွင်ထိတွေ့မှုအခွင့်အလမ်းများ ပေးအပ်ရန် အလေးထားဆောက်ရွက်ပါသည်။ ကျောင်းသားခရီးစဉ်များမှတစ်ဆင့် ကလေးများနှင့် လူငယ်များသည် စတိုးဝန်ထမ်းများနှင့် ထိတွေ့ကော သမဝါယမလုပ်ငန်း၊ အာဟာရပြည့်အစားအစာဝယ်ယူပုံ၊ ဒေသစားသောက်ကုန်လုပ်ငန်းများ၊ တောင်သူများ၊ အစားအစာမျှတမှုအကြောင်း လေ့လာခွင့်ရရှိကြသည်။ ဤနည်းဖြင့် ဒေသထွက်ကုန်စည်အမျိုးမျိုးကို အားပေးခြင်းဖြင့် ကျန်းမာရေးအတွက် ပိုကောင်းသောအစားအသောက်စနစ်ကို ဦးတည်နိုင်ပုံအကြောင်း နားလည်လာစေပါသည်။



ကျောင်းသားခရီးစဉ်အတွင်း Pathways Elementary School မှ ကျောင်းသားများသည် ကျွန်ုပ်တို့အဖွဲ့က ဒေသခံတောင်သူများ၊ ဖန်တီးသူများ၊ အဖွဲ့အစည်းများအား ထောက်ပံ့နကေကြောင်းကို လေ့လာသိရှိခဲ့ကြသည်။ Fairview Youth Group လူငယ်အဖွဲ့က စားသောက်ကုန်ရရှိရေးနှင့် အစားအသောက်စနစ်အတွင်းရှိ ဘက်စုံအခန်းကဏ္ဍများကို အာရုံစိုက်ခြင်းဖြင့် မကြောက်ကာရိုလိုင်းနားအစားအသောက်စနစ်အပေါ် ကျွန်ုပ်တို့အဖွဲ့က အကျိုးပြုပုံကို လေ့လာခဲ့ကြသည်။ The Freedom School ကမူ ကျွန်ုပ်တို့အဖွဲ့အား ပိုမိုစုံလင်၍ တန်းတူညီမျှပြီး အားလုံးပါဝင်သော အသိုက်အဝန်းဆီ မောင်းနှင်နေသူများအကြောင်း လေ့လာခဲ့ကြသည်။




# ၂၀၂၄ ဘဏ္ဍာရေးညွှန်းကိန်းများ

၂၀၂၄ ခုနှစ်အတွင်း အကြီးဆုံးစားသောက်ကုန်လုပ်ငန်းကြီးများသည် ဈေးနှုန်းများ မြှင့်တင်ခဲ့သည့်အတွက် ဈေးနှုန်းကြီးမြင့်မှု ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့၏ စံချိန်တင်အမြတ်အစွန်များအတွက် ကုမ္ပဏီငယ်များနှင့် ကျွန်ုပ်တို့၏ကွန်မျူနတီများက ခါးစည်းခံခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်းဆုံးရှုံးမှုအချို့ကို ပြန်လည်အဖတ်ဆယ်နိုင်ခဲ့သော်လည်း ကျွန်ုပ်တို့၏ထုတ်ကုန်ဈေးနှုန်းများမှာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းပြီး ရောင်းအားတိုးတက်မှုကို ထိခိုက်စေခဲ့သည်။ ၂၀၂၄ တွင် ကျွန်ုပ်တို့၏ အသင့်စားဆိုင်များသို့ လူအသွားအလာ ပိုများလာသည့်အလျောက် ရောင်းအားမှာ ၄% မြင့်တက်ခဲ့ပြီး ကပ်ရောဂါကာလအတွင်း ဆုံးရှုံးခဲ့သည့်ရောင်းအားကို ပြန်လည်ရယူနိုင်ခဲ့သည်။

| ဝင်ငွေစာရင်းရှင်းတမ်း | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄* |
|---|---|---|---|
| ရောင်းအား | ၄၈,၂၇၆,၃၄၂ | ၄၈,၄၂၂,၆၄၃ | ၅၀,၃၃၉,၉၀၄ |
| စားသောက်ကုန်စရိတ်များ | ၃၂,၇၁၄,၆၉၇ | ၃၃,၂၄၃,၄၇၂ | ၃၄,၃၀၂,၆၅၁ |
| အမြတ်စုစုပေါင်း (ရောင်းအား - စားသောက်ကုန်စရိတ်များ) | ၁၅,၅၆၁,၆၄၅ | ၁၅,၁၇၉,၁၇၁ | ၁၆,၀၃၇,၂၅၃ |
| ရောင်းအား % အလိုက် အမြတ်စုစုပေါင်း | ၃၂.၂% | ၃၁.၃% | ၃၁.၉% |
| အသုံးစရိတ်များ | ၁၅,၃၁၅,၀၈၉ | ၁၆,၃၇၆,၇၈၅ | ၁၆,၇၀၃,၈၅၇ |
| ရောင်းအား % အလိုက် အသုံးစရိတ်များ | ၃၁.၇% | ၃၃.၈% | ၃၃.၂% |
| **ပိုငွေ (လိုငွေ)** | **၂၄၆,၅၅၆** | **(၁,၁၉၇,၆၁၄)** | **(၆၆၆,၆၀၄)** |
| ရောင်းအား % အလိုက် | ၀.၅၁% | -၂.၄၇% | -၁.၃၂% |

## စတိုးရောင်းအားတိုးတက်မှု





| ငွေစာရင်းရှင်းတမ်း | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄* |
|---|---|---|---|
| လက်ရှိပိုင်ဆိုင်မှု | ၅,၃၆၈,၉၇၁ | ၄,၅၅၆,၃၂၉ | ၄,၁၀၉,၇၆၀ |
| အဆောက်အအုံနှင့် ပစ္စည်းကိရိယာများ | ၁၁,၂၀၂,၅၆၇ | ၁၀,၀၉၁,၈၂၉ | ၉,၁၉၈,၁၆၉ |
| အခြေပိုင်ဆိုင်မှုများ | ၁,၀၃၈,၀၃၈ | ၆,၀၉၀,၅၇၉ | ၅,၆၇၀,၃၃၈ |
| **စုစုပေါင်းပိုင်ဆိုင်မှုများ** | **၁၇,၆၀၉,၅၇၆** | **၂၀,၇၃၈,၇၃၇** | **၁၈,၉၇၈,၂၆၇** |
| လက်ရှိပေးရန်တာဝန်များ | ၃,၇၃၂,၅၆၇ | ၅,၄၇၁,၁၄၆ | ၅,၅၈၃,၁၇၆ |
| ဘဏ်ချေးငွေနှင့် အပေါင်များ | ၇,၄၅၆,၆၉၆ | ၁၀,၀၆၀,၉၇၂ | ၈,၈၅၈,၉၄၈ |
| စုစုပေါင်းပေးရန်တာဝန်များ | ၁၁,၁၈၉,၂၆၃ | ၁၅,၅၃၂,၁၁၈ | ၁၄,၄၄၂,၁၂၄ |
| လက်ကျန်တန်ဖိုး | ၆,၄၂၀,၃၁၃ | ၅,၂၀၆,၆၁၉ | ၄,၅၃၆,၁၄၃ |
| **စုစုပေါင်းပေးရန်တာဝန်များ/လက်ကျန်တန်ဖိုး** | **၁၇,၆၀၉,၅၇၆** | **၂၀,၇၃၈,၇၃၇** | **၁၈,၉၇၈,၂၆၇** |

** ၂၀၂၄ အတွက် ကိန်းဂဏန်းများသည် ကနဦးနှင့် စာရင်းမစစ်မီဖြစ်သည်။*


ကျွန်ုပ်တို့၏ စတိုးများသည် ၂၀၂၄ တွင် အလုပ်ပို၍တွင်ကျယ်ခဲ့သော်လည်း ကျန်းမာရေးအာမခံများကြောင့် အကျိုးခံစားခွင့်စရိတ်များ မျှော်လင့်ထားသည်ထက် ပိုကြီးမြင့်ခဲ့ရသည်။ ၎င်းက ဤနှစ်အတွက် အသုံးစရိတ်ကို ဒေါ်လာ ၂၀၀,၀၀၀ အထိ မြင့်တက်စေခဲ့ပြီး အလုပ်သမားအကျိုးခံစားခွင့်စရိတ်ကိုမူ လုပ်သားခတစ်ဒေါ်လာချင်း အလိုက် ယခင် ၄၄.၅% မှ ၄၆.၂% သို့ မြင့်တက်စေခဲ့သည်။

အဖွဲ့အစည်းသည် ဤနှစ်တွင် အရှုံး ၆၆၆,၆၀၀ ဒေါ်လာ ကြုံတွေ့ခဲ့ရသည်။ အခြေနည်းနှင့်ပြောရလျှင် ရောင်းအားတစ်ဒေါ်လာတိုင်းအတွက် အဖွဲ့အစည်း၏အရှုံးမှာ ၁.၃၂ ဆင့် ဖြစ်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်မူ စားသောက်ကုန်လလွှင့်မှု ဆက်လက်လျှော့ချခြင်း၊ လုပ်သားစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်များကို ထိန်းချုပ်ခြင်းတို့ဖြင့် သင့်တင့်သော အမြတ်အစွန်း ရနိုင်ရန် မျှော်မှန်းထားသည်။

## လုပ်ငန်းပိုင်ရှင်များသို့ ရောင်းအားရာခိုင်နှုန်း



# ဘဏ္ဍာရေးအခြေအနေနှင့် သက်ရောက်မှု




## ဒေသစီးပွားရေး

**$၁၂.၉ သန်း** — WSM က ဖြစ်ပေါ်စေသည့် ထပ်တိုး **ဒေသတွင်းစီးပွားရေးသက်ရောက်မှု** (ကုန်တိုက်ကဲ့သို့များတွင် အလားတူဒေါ်လာ ပမာဏ သုံးစွဲမှုနှင့် နှိုင်းယှက်ချက်အရ)

**၁.၆၄ သန်း** — WSM စားသုံးသူ **မျှတွင်းအရောင်းအဝယ်များ**

**၂၀၇** — **ဒေသတွင်း၊ Game Changer၊ သမဝါယမတောင်သူများနှင့် ထုတ်လုပ်သူများ** (WSM နှင့် ပူးပေါင်းဆောင်ရွက်သူများ)

## လုပ်ငန်းပိုင်ရှင်စားသုံးသူများ၊ ကွန်မြူနတီ

**၂၁,၆၇၀** — **WSM တွင် ဈေးဝယ်ခဲ့သူ** လုပ်ငန်းပိုင်ရှင်စားသုံးသူများ

**၃၆၀,၂၇၁ ဒေါ်လာ** — အစားအစာမဖူလုံမှု အဆုံးသတ်ရန် လုပ်ဆောင်နေသော ဒေသတွင်း အကျိုးအမြတ်မရည်ရွယ်သောအဖွဲ့များသို့ လှူဒါန်းမှု

**ဒေါ်လာ ၂၅.၉ သန်း** — **ဒေသထွက်၊ အဖွဲ့အစည်းထုတ်** နှင့် **Game Changer** ထုတ်ကုန်များ ဝယ်ယူမှု

## ဝန်ထမ်းများ၊ လုပ်ငန်းပိုင်ရှင်လုပ်သားများ

**၆%** — ပျမ်းမျှ**တစ်နှစ်တာလုပ်အားခ**သည် ပြီးခဲ့သည့်ငါးနှစ်တွင် အခြားလုပ်ငန်းများ၏ ပျမ်းမျှမြင့်တက်မှု ၂% နှင့် နှိုင်းယှဉ်ချက်အရ **မြင့်တက်** ခဲ့သည်

**၁၀၀%** — Orange ကောင်တီ အခြေခံလုပ်အားခ **အထက်ရရှိသော ဝန်ထမ်းများ**

**၁၆၀** — **လုပ်ငန်းပိုင်ရှင်လုပ်သားများ**

WEAVER STREET MARKET
သမ-ဝါယမ
စျေးပွဲတော်

# တနင်္ဂနွေ
# အောက်တိုဘာ ၂၀
## ၂ - ၅ PM
Hillsborough ရှိ
Food House တွင်







## ပိုင်ရှင်များခင်ဗျာ၊ ယခုအခါ သမဝါယမစျေးပွဲတော်ချိန် ကျရောက်ပြီဖြစ်ပါသည်။

ဘုတ်
အဖွဲ့ဝင်လောင်းများနှင့်
တွေ့ဆုံပါ

**ဒေသခံ၊ သမဝါယမနှင့် Game Changer ထုတ်လုပ်သူများ** ထံမှ အရသာရှိကုန်စည်များကို မြည်းစမ်းနိုင်မည့် ပျော်ရွှင်စိတ်လှုပ်ရှားစရာ သမဝါယမစျေးပွဲတော်သို့ လာရောက်ပူးပေါင်းပါ။ **Barrio Chocolate၊ Cajun Fire Brewing၊ Casual Delights၊ Devil's Foot Beverage၊ Farmer Foodshare၊ Piedmont Pennies၊ Raleigh Tamales၊ Rooted Traditions၊ Skyelight Candles** နှင့် အခြားလုပ်ငန်းများစွာမှ မိတ်ဆွေများနှင့် လာရောက်ဆွေးနွေးနိုင်သည်။ အရသာရှိစားသောက်ဖွယ်ရာနမူနာများနှင့် ဧည့်ခံရှုသာမက **Fair Trade က အလယ်နှင့် တောင်ပိုင်းအမေရိကရှိ တောင်သူသမဝါယမအသင်းများအား ကူညီခဲ့သည့် ဇာတ်လမ်းများ**ကို မျှဝေပေးမည့် **Equal Exchange** မှ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် မိတ်ဖွဲ့နိုင်ပါသည်။

သင်သည် **ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ**အပြင် ၂၀၂၃ ခုနှစ် **ဘုတ်အဖွဲ့ရွေးကောက်ပွဲ**တွင် ယှဉ်ပြိုင်မည့် ဘုတ်အဖွဲ့ဝင်လောင်းများနှင့်လည်း စကားပြောနိုင်ပါသည်။ ၂၀၂၄ ခုနှစ်၏ **Cooperative Community Fund** ရန်ပုံငွေ ရရှိသူများထံ သွားရောက်နိုင်သလို **Food For All** အစီအစဉ်အကြောင်းနှင့် "Round Up!" အစီအစဉ်၏ အကျိုးသက်ရောက်မှုတို့ကိုလည်း လေ့လာနိုင်သည်။ **Weaver Street ၏ ပြန်လည်အသုံးပြုနိုင်သော ထုတ်ပိုးမှု ဆောင်ရွက်ချက်**အကြောင်း လေ့လာပြီးသောအခါ ထွက်၊ Game Changer ထုတ်ကုန်နှင့် သမဝါယမထုတ်ကုန်စည် **ဆုမဲများကို** ကံစမ်းနိုင်သည်။



**သင့်အတွက် အခမဲ့ လက်မှတ် ရယူပါ**

**ဤနေရာတွင်**

ကျွန်ုပ်တို့သည် စျေးပွဲတော်တွင် ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးပါမည်။ လက်မှတ်မှာယူကာ တက်ရောက်ခြင်းဖြင့် တက်ရောက်သူများ အား လုံး အ တွ က် ရို က် ကူး မှု ကို သဘောတူညီပြီးဖြစ်သည်။.

ယခင်စျေးပွဲတော်များ၏ မြင်ပုံမှာ
ဤနေရာတွင်ဖြစ်သည်

ယခင်စျေးပွဲတော်များမှ
ဓာတ်ပုံပြခန်းမှာ ဤနေရာတွင်ဖြစ်သည်




## ON THE COVER:



*Raleigh artist, Dan Nelson, created this painting at the Grand Opening event for Weaver Street's newest store in Raleigh September 2019.*

Learn more about Dan Nelson: www.dannelsonart.com

နေရာလေးခု ~ နေ့စဉ်မနက် ၈ နာရီမှ ည ၉ နာရီ ~

**www.weaverstreetmarket.coop**

**CARRBORO**
*101 East Weaver Street*
*Carrboro, NC 27510*

**HILLSBOROUGH**
*228 South Churton Street*
*Hillsborough, NC 27278*

**SOUTHERN VILLAGE**
*716 Market Street*
*Chapel Hill, NC 27516*

**RALEIGH**
*404 West Hargett Street*
*Raleigh, NC 27603*

**Dan Nelson နှင့် သူ၏လက်ရာများကို www.dannelsonart.com တွင် ပိုမိုလေ့လာနိုင်သည်။**